# ကာလက်လိုသူ။

‘‘ကာလက်ကလည်း ချက်ခြင်းချီ သွား၍ ထိုပြည်ကို သိမ်းယူကြစို့။ အောင်နိုင်ကောင်းသည်ဟု ဆို၍မောရှေရှေ့မှာလူများကိုငြိမ်းစေ၏။(တော ၁၃း၃၀)။

ကာလက်သည် အဲဂုတ္တုပြည်မှ ကယ်နှုတ်ခြင်းခံရသောဣသရေလလူမျိုးများအနက် ဘုရားရှင်၏ကတိတော်တိုင်းပြည်ဖြစ်သော ခါနာန်ပြည်ထဲသို့ဝင်စားခွင့်ရရှိခဲ့သည့် လူဟောင်းနှစ်ဦးအနက် တစ်ဦးဖြစ်သည်။ကျန်တစ်ဦးမှာ ယောရှုဖြစ်သည်။(တော ၂၆း၆၅)။ လူ့ပြည် လူ့အသိုင်းအဝိုင်းတွင် လူနည်းစု၏အသံ ၊အကြံ ၊ အတွေးအခေါ်များမှာ လူများစု၏ ဂရုပြုခြင်း၊အလေးထားခြင်း ခံရခဲလှသည်။ မည်သို့ ဆိုစေကာမူ အမှန်တရားကို အရေအတွက်အားဖြင့် တိုင်းတာဆုံးဖြတ်၍မရနိုင်ပါ။ အမှန်တရားသည် လူများစု၏ တွေးခေါ်ကြံစည်မှုနှင့်ဆန့်ကျင်ဘက်ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ သမ္မာတရားကိုအခြေခံသောအမှန်တရားမှာမူ အသက်ရှင်သောကြောင့် မည်သည့်အရာကမျှ ပြောင်းလဲ၍မရနိုင်ပါ။ ဘုရားရှင်၏နှုတ်တော်ထွက်စကား သည်သာလျှင် အမှန်ဆုံးဖြစ်ပါသည်။ လောကကြီးတွင်တခါတရံ သမ္မာတရားအတွက် အများနှင့်တစ်ယောက် ဆန့်ကျင်ရပ်တည်ရသောအခါများကြုံတွေ့နိုင်သည်။ သို့သော်ဘုရားရှင်သည် ကျွန်ုပ်တို့ဘက်၌ ရှိတော်မူလျှင် မည်သူသည် အကျွန်ုပ်တို့ကို ဆန့်ကျင်နိုင်မည်နည်း။(ရော ၈း၃၁)။

ကာလက် ၏ယုံကြည်ခြင်းမှာ သမ္မာကျမ်းစာတော်မြတ်တွင် ယုံကြည်ခြင်း၏ဖခင်များဟု တင်စားထားသူများကိုမမှီသော်လည်း၊ ဘုရားရှင်၌ယုံကြည်ခြင်းအားကြီးသူတစ်ဦးဖြစ်သည်။ ကာလက်၏ယုံကြည်ခြင်းမှာ သူ့ကိုယ်ပိုင်အရည်အချင်း၌မတည်၊ ဣသရေလလူမျိုးတို့၏အစွမ်း၌လည်း မတည် ဘုရားရှင်၌သာတည်သည်။ ဘုရားရှင်နှင့်ဆန့်ကျင်မည့် မည်သည့် အတွေးအခေါ်အယူအဆကိုမျှ သူလက်မခံပါ။ ထိုပြည်သားတို့ကို မကြောက်ကြနှင့်၊ သူတို့သည် ငါတို့စားစရာဖို့ ဖြစ်သည်။သူတို့၌ အမှီတကဲမရှိ ၊ထာဝရဘုရားသည် ငါတို့ဘက်၌ရှိတော်မူသည်။ (တော ၁၄း၉)။

ယနေ့ခေတ်ယုံကြည်သူအများစုမှာ လုပ်ငန်းတစ်ခုကိုလုပ်ကိုင်ဆောင်ရွက်ရာတွင် လူများစု၏ထင်မြင်ချက်သဘောထားအပေါ်အမှီပြု၍ ဆုံးဖြတ်လုပ်ကိုင်လေ့ရှိကြသည်။ အရေးကြီးအချက်ဖြစ်သည့် ဘုရားရှင်ဘာပြောသလဲ၊ ဆိုသည့်အချက်ကိုမူ သတိမထား ဂရုမပြု မေ့ထားတတ်ကြသည်။ အမှန်တော့ သမ္မာကျမ်းစာတော်မြတ်အားဖြင့်သွန်သင်လမ်းပြမှုများသည် ကျွန်ုပ်တို့အသက်တာတွင် အောင်မြင်ခြင်းကိုပေးနိုင်သော လမ်းပြမြေပုံဖြစ်သည်။ ယင်းလမ်းပြမြေပုံအတိုင်း လျှောက်လှမ်းအသက်ရှင်ခြင်းအားဖြင့် ဘုရားရှင်နှင့်ရင်းနှီးသော အသက်တာကိုရရှိနိုင်သည်။ ကာလက် ကိုရဲရင့်ခြင်းပေးသောဘုရားရှင်သည် ယနေ့ယုံကြည်သူတိုင်းကိုလည်းသားတော် ယေရှုခရစ်အားဖြင့် ရဲရင့်ခြင်းကိုပေးသနားတော်မူသည်။

‘‘ငါ့ကျွန် ကာလက်မူကားထူးခြားသောသဘောရှိ၍ ငါ့နောက်သို့ လုံးလုံး လိုက်သောကြောင့် သူသွားခဲ့ပြီးသောပြည်သို့ သူ့ကို ငါဆောင်သွားသဖြင့် သူ၏သားမြေး တို့သည်အမွေခံရကြလိမ့်မည်။’’(တော ၁၄း၂၄)။

ကာလက်၏ ဘုရားရှင်၌ ယုံကြည် ရဲရင့်ခြင်းရှိသော ရပ်တည်ချက်သည် ကာလက်၏ဆွေစဉ်မျိုးဆက်၌ ကောင်းကြီးမင်္ဂလာများကိုရရှိခံစားရစေသည်၊(တော ၁၄း၂၄၊ ၁ရာ ၂၅း၃)။ သင့်ဘဝအသက်တာတွင်လည်း ကာလက်ကဲ့သို့ ဘုရားရှင်အတွက် ရဲရင့်စွာရပ်တည်လျှင် သင်နှင့်သင့်မိသားစုသည် ကာလက်မိသားစုကဲ့သို့ ဘုရားရှင်ထံတော်ပါးမှ ကောင်းကြီးမင်္ဂလာများ ရရှိခံစားရမည်။ ကာလက် ဟူသောအမည်၏ အဓိပ္ပါယ်မှာ အရှိန်အဟုန်ပြင်းသော၊ ရဲရင့်သော ၊ခွေးကဲ့သို့သစ္စာရှိသောသူဟူ၍ဖြစ်သည်၊ (၅ရာ ၂း၁၅၊၁၀)။ သူ၏အမည်မှာသူ၏ စိတ်ထားအပြုအမူ နှင့်ကိုက်ညီခြင်းရှိသည်(ယောရှု ၁၄း၆၊၁၅)။ ကာလက်သည် ဘုရားရှင်၌ ရဲရင့်ခြင်းရှိသူ၊ ဘုရားရှင်ပေါ်၌ ခွေးကဲ့သို့ သစ္စာရှိသူဖြစ်သည်။ အရာရာ၌ ဘုရားရှင်ကိုသာမျှော်ကြည့်တတ်သူဖြစ်သည်။

ဒီနေရာတွင် မိတ်ဆွေစာရေးဆရာတစ်ဦးနှင့် စကားလက်ဆုံကျရင်း ဆွေးနွေးခဲ့သည့် ခွေးသတ္တဝါအား လေ့ကျင့်သင်ကြားပုံအကြောင်းတင်ပြလိုပါသည်။ ထိုမိတ်ဆွေတွင် အသက် (၆၀)ကျော်မုဆိုးဖိုမိတ်ဆွေတစ်ဦးရှိသည်။ သူ့မိတ်ဆွေက ၎င်း၏လိင်မှုဆိုင်ရာပြဿနာကို တိုင်ပင်ဆွေးနွေးလာသည်။ မုဆိုးဖိုမှာ ငွေကြေးအတော်အတန်ပြေလည်သူဖြစ်၍ အသက်အရွယ်ကြီးသော်လည်း အမျိုးသမီးငယ်များ၏ ဂရုစိုက်ခြင်း၊ မြူဆွယ်ခြင်းများကိုခံရကြောင်း၊ -ပြဿနာကိုမည်သို့ အကောင်းဆုံးကိုင်တွယ်ဖြေရှင်းသင့်သနည်းဟု အကြံဉာဏ်ရယူတိုင်ပင်ခဲ့ရာ၊ မိတ်ဆွေစာရေးဆရာက အရာရာ၌ ဘုရားရှင်ကိုမျှော်ကြည့်တတ်ရန်၊ သို့မဟုတ်အတင်းအဓမ္မမျှော်ကြည့်တတ်ရန် သွန်သင်ခြင်းခံရမည်ဟု ၊ သစ္စာရှိအောင် ခွေးများကို

သွန်သင်သည့် ပုံစံကို ဥပမာပြသွန်သင်ခဲ့သည်။ ခွေးများကို သခင့်စကားနာခံမှုရှိရန်၊ အရာရာ၌ သခင်ကိုသာ မျှော်ကြည့်တတ်ရန်အတွက် လေ့ကျင့်ပေးရာတွင်ခွေးများကို အစာတော်ထားပြီး အလွန်ဆာလောင်သောအခါကျမှ လွှတ်ပေး၍ အစာနှင့်ခွေးအကြားတွင် သခင်ကကြာပွတ်ကိုင်ကာအသံပေးရပ်နေသည်။ ခွေးမှာဆာလွန်း၍ သခင့်အသံကိုနားမထောင်အား၊ သခင့်ကို မကြည့်အားဘဲ အစာရှိရာသို့ သွားမည်ပြင်လိုက်တိုင်း သခင်ဖြစ်သူကအသံပေး၍ ကြာပွတ်နှင့်ရိုက်သဖြင့်တစ်ကြိမ် နှစ်ကြိမ်အရိုက်ခံရပြီးသောအခါ ခွေးမှာနာလွန်းသဖြင့် အလွန်ဆာလောင်နေသော်လည်း အစာကိုမကြည့်တော့၊ အစာရှိရာသို့ မလှမ်းတော့၊ သခင့်ကိုသာကြည့်တတ်၊ သခင့်အသံကိုသာလျှင်နားထောင်တတ်သော အလေ့အကျင့်ရရှိလာသည်။ ကျွန်ုပ်တို့ ယုံကြည်သူများအနေဖြင့်လည်း သခင့်စကားကိုနားထောင်တတ်ရန်၊ သခင့်ကိုသာ မျှော်ကြည့် တတ်ရန် သခင်အလိုရှိပါသည်။ သို့မဟုတ်ပါက ကြာပွတ်ဒဏ်ခံရမည်ဖြစ်ပါသည်။ ဘုရားရှင် သည် ကာလက် ကဲ့သို့သော ၊သစ္စာရှိသော ခွေးသတ္တဝါကဲ့သို့သော ယုံကြည်သူများကိုနှစ်သက်တော်မူသည်။ ဘုရားရှင်အပေါ်၌ သစ္စာရှိသူ၊ ဘုရားရှင်ကိုသာ အကြွင်းမဲ့ယုံကြည်အားကိုးသူ၊ ဘုရားရှင်၌ ရဲရင့်ခြင်းရှိသူ ယုံကြည်သူများကို ချစ်တော်မူသည်။

တနေ့ ယုံကြည်သူတစ်ဦးက ကမ္ဘာဦးအစတွင် ဧဒင်ဥယျာဉ်၌ ကောင်း၊ မကောင်းသိကျွမ်းရာအပင်ကို အဘယ့်ကြောင့် ထားတော်မူသနည်းဟူသော မေးခွန်းကိုမေးလာပါသည်။ အဖြေကရှင်းပါသည်။ ဘုရားရှင်သည် စက်ရုပ်ကဲ့သို့ ပုံသွင်းထားသော ယုံကြည်သူများကိုမလိုလား၊ ကာလက်ကဲ့သို့ ဘုရားရှင်အပေါ်၌ သစ္စာရှိသော ရဲရင့်သောယုံကြည်သူများကိုသာ လိုလားပါသည်။ ထိုကြောင့် ဤအချက်ကိုစစ်ဆေးရန်အတွက် ကောင်း၊ မကောင်း သိကျွမ်းရာအပင်ကို နေ့စဉ် အာဒံနှင့်ဧဝတို့ မလွှဲမသွေမြင်တွေ့နိုင်သည့် ဧဒင်ဥယျာဉ်၏ အလယ်တည့်တည့်တွင် ထားရှိခဲ့ခြင်းဖြစ်သည်။ အာဒံနှင့်ဧဝတို့ဘုရားရှင်စစ်ဆေးသောစာမေးပွဲမအောင်ခဲ့၍ လူသားတစ်ရပ်လုံး ကျရှုံးခဲ့ရသည်။ ယနေ့ယုံကြည်သူတိုင်းကိုလည်း စာတန်သည် အာဒံနှင့်ဧဝကို စုံစမ်းသည့်နည်းတူ ဖျက်ဆီးရန်နေ့စဉ် မြူဆွယ်လျက်ရှိသည် (၂ကော၁၁း၃)။ ယုံကြည်သူ သင့် အသက်တာမှာ ကာလက်ကဲ့သို့ ဘုရားရှင် အပေါ် သစ္စာရှိပါရဲ့လား၊ ဘုရားရှင်၌ ရဲရင့်ခြင်း ရှိပါရဲ့လား၊ သင့်အသက်တာတွင် ဘုရားရှင်အပေါ်၌ ကာလက်ကဲ့သို့ သစ္စာရှိ၍ ရဲရင့်ခြင်းရှိလျှင် ဘုရားရှင်ထံမှ ကောင်းကြီးမင်္ဂလာများသည် သင့်အတွက်စောင့်မျှော်နေပါသည်။ သင်သည်ဘုရားရှင်အပေါ်၌ သစ္စာပျက်လျက် ရဲရင့်ခြင်းမရှိလျှင်မူ ဘုရားရှင်သည် သင့်အားအသံတော်(နှုတ်ကပတ်တော်)အားဖြင့် သတိပေးမည်ဖြစ်သည်(ဟေရှာ ၃၀း၂၁)။ သင်သည် ဘုရားရှင်၏စကား

တော်ကို နားမထောင်လျှင်မူ ကြာပွတ်သည် သင့်ထံ မလွှဲမသွေရောက်လာမည်ဖြစ်သည်(၂ရာ ၇း၁၄၊ဗြာ ၂း၆)။ သင်သည် ကျောပေါ်ကြာပွတ်ကျသည့်တိုင် နောင်တမရလျှင် သင့်ဝိညာဉ်ကို ကယ်တင်အံ့သောငှာသင့်ခန္ဓာကိုယ်ကိုစာတန်လက်သို့ အပ်တော်မူလိမ့်မည်(၂ကော၅း၅)။

"သင်သည် လကျာ်ဘက် လက်ဝဲဘက်လမ်းသို့ လွဲလျှင်၊ ဤမည်သောလမ်းသည် မှန်၏။ ဤလမ်း၌သွားလော့ ဟုသင့်နောက်၌ ပြောသောစကားသံကို ကိုယ်နားနှင့်ကြားရလိမ့်မည်(ဟေရှာ၃၀း၂၁)" သင်လျှောက်ရာလမ်းသည် မှားနေကြောင်း နှုတ်ကပတ်တော်အသံကို ကြားရလျှင် ကြားရခြင်း ချက်ခြင်းသင်လျှောက်ရာလမ်းကို ပြန်လည်ဆန်းစစ်ပြုပြင်ပါ။ နောင်တနှင့်ဘုရားရှင်ထံပြန်လည်ချဉ်းကပ်ပါ။

"ငါသည် သူ၏အဘဖြစ်မည်၊ သူသည် ငါ၏သားဖြစ်လိမ့်မည်။ သူသည် ဒုစရိုက်ကိုပြု လျှင် လူသုံးတတ်သောကြိမ်လုံးနှင့် ငါဆုံးမမည်။ လူသားရိုက်တတ်သကဲ့သို့ ငါရိုက်မည် (၂ရာ ၇း၁၄)။ မိသားစုအတွင်း၊ အသင်းတော်အတွင်း၊ လူမှုရေး ၊ စီးပွါးရေး၊ ကျန်းမာရေးကဏ္ဍများစိတ်ဆင်းရဲစရာများတည်းဟူသော ဘုရားရှင်ဆုံးမတော်မူသော ကြိမ်ဒဏ်ခံရလျှင် ချက်ခြင်းနောင်တရ ဝန်ချတောင်းပန်၍ ထံတော်ပါးသို့တိုးဝင်ချဉ်းကပ်ပါ။ သို့မဟုတ် သင့်အသက်တာတွင် ဆုံးရှုံးခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့ ရမည်ဖြစ်သည် (ဗြာ ၁၂း၆)။

"ထိုသူ၏ဝိညာဉ်သည် ယေရှုခရစ်၏ နေ့ရက်၌ ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း သူ၏ခန္ဓာပျက်စီးဖို့ရာ သူ့ကို စာတန်လက်သို့ အပ်နှံကြစို့ဟု ငါစီရင်၏" (၁ကော ၅း၅)။ သင်သည် နှုတ်ကပတ်တော်၏ သွန်သင်မှုကိုနာမခံ၊ ကြိမ်လုံးနှင့်ဆုံးမတော်မူခြင်းကို မထိမဲ့မြင်ပြုခဲ့ပါလျှင် သင်၏ခန္ဓာကိုယ်ကို ပျက်စီးစေခြင်းငှာ စာတန်လက်ထဲသို့အပ်နှံလိမ့်မည်ဖြစ်သည်။ထို့ကြောင့် စာဖတ်သူအသင်၊ စာရေးသူအကျွန်ုပ်နှင့် ယုံကြည်သူတိုင်း၏ နေ့စဉ်အသက်တာတွင် ဘုရားရှင်ချပေးသနားတော်မူသော ကောင်းကြီးမင်္ဂလာများနှင့် ဆက်နွယ်မှုရှိရန် ဘုရားရှင်အပေါ်၌ သစ္စာရှိ၍ ရဲရင့်ခြင်းရှိသော ကာလက် လိုလူ ဖြစ်နိုင်ကြပါစေဟု ။

(ကို မေတ္တာ)။